အသုံးပြုပုံလမ်းညွှန်

# USER MANUAL

## QUICK REFERENCE GUIDE

## Model # M3 (Android Player)







စက်ကိုအသုံးမပြုခင် အညွှန်းကို အရင်ဖတ်ပါ။

MyanmarOke

HARD-DISK KARAOKE SYSTEM

# အသုံးပြုရန် စတင် ပြင်ဆင်ခြင်း

## (၁) ဗွီဒီယို ကြိုးများတပ်ဆင်ခြင်း




ပုံတွင်ပြထားသည့်အတိုင်း ကြိုးများကို TV ဖြင့် ချိပ်ဆက်ပါ။ စက်ပေါ်တွင် ရှိသည့် မိုက်ကရိုဖုန်းပေါက်ကို သုံးလိုလျှင် RCA ကြိုး သို့မဟုတ် HD Component ကြိုးကို သုံးပါ။ (စက်ဝယ်လျှင် Component ကြိုး မပါဝင်ပါ) HDMI ကြိုးကိုလည်း သုံးနိုင်ပါသည်။ သို့သော် စ က်ပေါ်မှ မိုက်ကရိုဖုန်းအသံ ထွက်မည် မဟုတ်ပါ။ Mixer သို့မဟုတ် Amplifier ခံ၍ သုံးသူများ အတွက် အရေးမကြီးပါ။ ကြိုက်နှစ်သက်ရာ ကြိုး သုံးနိုင်ပါသည်။

## (၂) Remote Control တွင် ဓါတ်ခဲများ သေချာစွာ တပ်ဆင်ပါ။

ဤ Remote သည် Mouse အဖြစ်လည်း အသုံးချနိုင်ပါသည်။ (Mouse On / Off)

## စတင်အသုံးပြုခြင်း

Power On - စက်ဖွင့် ပြီး ခဏစောင့်ပါ။ TV ပေါ်တွင် KTV Screen ပေါ်လာပါမည်။ အောက်ပါ Screen ပေါ်မလာပါက ကြိုးများ တပ်ဆင်ထားခြင်း မှန် မမှန်၊ TV မှ Input Source ရွေးထားခြင်း မှန် မမှန် ပြန် စစ်ပါ။




ကာရာအိုကေသီချင်းဆိုမည်ဆိုလျှင် Karaoke App ကို ဖွင့်ပါ။ မိမိကြိုက်နှစ်သက်ရာ သီချင်း၏ နံပတ် ၅လုံးကို နှိပ်ပြီး ENTER နှိပ်လိုက်လျှင် သီချင်းလာပါမည်။ အဆိုတော်အသံ ပျောက် မနေပါက VOCAL ခလုတ်ကို နှိပ်၍ ပြောင်းပေးပါ။

## သီချင်းများတန်းစီခြင်း

ကြိုက်နှစ်သက်ရာ သီချင်း၏ နံပတ်ကို ရိုက်နှိပ်ပြီး ENTER လုပ်ပါ။ သီချင်းတစ်ပုဒ်ဆိုနေစဉ် သော်လည်းကောင်း၊ အခြား သီချင်းများ တန်းစီထားပြီးသော်လည်းကောင်း ဆက်၍ တန်းစီထားနိုင်ပါသည်။

## ရွေးချယ်ထားသော (တန်းစီထားသော) သီချင်းများ သိလိုလျှင်

Remote ပေါ်မှ SELECTED ခလုတ်ကို နှိပ်ပါ။ တန်းစီထားသော သီချင်း ပြန်ဖျက်လိုလျှင် SELECTED ခလုတ်ကို နှိပ်ပါ။ ဖျက်လိုသည့် သီချင်းကို ဇယားမှ ရွေးပါ။ DEL ခလုတ်ကိုနှိပ်ပါ။

## အဆိုတော် ရှာလိုလျှင်

Remote ပေါ်မှ ARTIST ခလုတ်ကို နှိပ်ပါ။ ဘယ်ဖက်မှ ယောကျာ်း၊ မိန်းမ အဆိုတော် ရွေးပါ။ ညာဖက် အဆွန်း အပေါ်တွင် Search ပုံလေးကို နှိပ်လိုက်လျှင် က၊ ခ၊ ဂ ဇယားပေါ်လာပါမည် ။ မိမိ ရှာဖွေလိုသည့် အဆိုတော် နာမည်၏ ထိပ်ဆုံး အက္ခရာ များကို ရွေးချယ် ရှာဖွေပါ။ ဥပမာ - ဇော်ပိုင်ကို ရှာလိုလျှင် 'ဇပ' ကို နှိပ်ပါ။ မီမီဝင်းဖေ ကို ရှာလိုလျှင် "မမဝဖ" ကို နှိပ်ပါ။ အလယ်ဇယားကွက်တွင် မိမိ ရှာဖွေသူ အဆိုတော်၏ နာမည်ပေါ်လာပါက ၎င်း နာမည်ကို ထပ်နှိပ်လိုက် ပါ။ တို အဆိုတော်၏ သီချင်းရှိသမျှ ကို PAGE ခလုတ် နှိပ်၍သော်လည်းကောင်း၊ UP/DOWN ခလုတ်ကို နှိပ်၍သော် လည်းကောင်း၊ ရှာဖွေနိုင်ပါသည်။

## Android System ကိုအသုံးပြုခြင်း

ဤ Android System သည် ဖုန်းများ၊ Tablet များဖြင့် အတူတူ ဖြစ်ပါသည်။ Internet, Email, Facebook, Youtube app များ အားလုံး အသုံးချနိုင်ပါသည်။ App များ အားလုံးကို Play Store App မှတစ်ဆင့် Download လုပ်နိုင်ပါသည်။ ထိုသို့ အသုံးပြုရန်အတွက် Home Screen မှ Android ကို နှိပ်ပါ။ Setting ကိုနှိပ်ပါ။ Internet သုံးရန် Wireless Connection သို့မဟုတ် Enternet ကြိုးကို ချိပ်ပါ။ Google Account ဖြည့်သွင်းပါ။ ပြီးလျှင် BACK ခလုတ်ကို နှိပ်၍ Home Screen ပြန်သွားပါ။ မိမိသုံးလိုသော App ကို Home Screen ပေါ်မှ Android App မှ တစ်ဆင့် ရှာဖွေ အသုံးပြုနိုင်ပါသည်။

စက်ဝယ်လျှင် ပါရှိသော Remote Control ကို Mouse Pointer အဖြစ် အသုံးချနိုင်ပါသည်။




Mouse ကို ON ထားပါက UP/DOWN Cursor ကို ဆက်တိုက် ဖိထားပြီး မိမိလိုရာသို့ Pointer ကို ရွှေ့လျားနိုင်ပါသည်။

Computer တွင် အသုံးပြုသော Wireless Keyboard /Mouse များ အသုံးချပါက မိမိကောင်းမွန်စွာ အသုံးချနိုင်ပါသည်။

### သတိပြုရမည့်အချက်များ

- KARAOKE အသုံးပြုပြီး အခြား APP များ သုံးလိုလျှင် ဆိုလက်စ သီချင်းကို STOP လုပ်ပါ။ **Menu > Exit KTV > Quit KTV** လုပ်ပေးပါ။
- Android System နှင့် ပတ်သက်၍ မိမိ အသုံးပြုလိုသည့် App များ၊ ဗမာစာများ၊ စသည်များ အားလုံးသည် မိမိကိုယ်တိုင်၊ လေ့လာ ရှာဖွေထည့်သွင်း ရမည် ဖြစ်ပါသည်။ MyanmarOke အနေဖြင့် တာဝန်ယူမည် မဟုတ်ပါ။
- ပြုတ်ကျခြင်း၊ ထုနက်ခြင်းမျိုး ရှောင်ပါ။ သံလိုက်အားကောင်းသော Speakers များပေါ်သို့ စက်ကို တင်ခြင်း၊ စက်ပေါ်သို့ Speakers များတင်ခြင်းရှောင်ပါ။
- Surge Proctor ပါသော ကြားခံ (Electric Extension Cords) လျှပ်စစ်ကြိုးများ ခံ၍ အသုံးပြုရန် အကြံပြုလိုပါသည်။ ၁၀ ဒေါ်လာလောက် နှင့်ပင် Wal Mart တွင် ဝယ်ယူရရှိနိုင်ပါသည်။

[Terms and Conditions, Warrantee နှင့် အခြားသိလိုသည့် အချက်များကို MyanmarOke.com ၏ Support Section တွင် ဖတ်ရှုပါ။]